
# ရုတ်တရက်ဂတ်စ်ပြတ်တောက်သွားပါက!


▼ ဂတ်စ်ပြတ်တောက်ရသည့်အကြောင်းအရင်းနှင့်ဘေးကင်းလုံခြုံမှုရှိမရှိကိုဦးစွာအတည်ပြုစစ်ဆေးရပါမည်။




| | | |
|---|---|---|
| ဂတ်စ်သုံးစွဲနေစဉ်အတွင်း လျှပ်ပြင်းအား 5 အဆင့်နှင့်အထက်ရှိသော လျှင်ဖြစ်ပွားသည့်အခါ။ | ဂတ်သုံးမီးဖိုကိုပိတ်ရန်မေ့သွားခြင်းစသည်ဖြင့် အချိန်ကြာမြင့်စွာဆက်တိုက်ဂတ်စ်သုံးစွဲမှုပြုသည့်အခါ။ | ရာဘာပြွန်နေရာလွဲခြင်းစသည်တို့ကြောင့်များစွာသောဂတ်စ်များ အလွန်အကျွံစီးထွက်လာသည့်အခါ။ |




▼ ဂတ်စ်မီတာအားပြန်လည်ကောင်းမွန်စေရန်လုပ်ဆောင်သည့်နည်းလမ်း




1.
- မီးဖိုခလုတ်များအားလုံးကိုပိတ်ပါ။
- သုံးစွဲခြင်းမပြုသည့်ဂတ်စ်ဘားများပိတ်ထားခြင်းရှိမရှိ အတည်ပြုစစ်ဆေးပါ။

2.
- ဘယ်ဘက်ခြမ်းရှိပြန်လည်ကောင်းမွန်စေသည့်ခလုတ်ကိုနှိပ်ပါ။
- "ဂတ်စ်ရပ်တန့် (ガス止)" ဆိုသည့်စာလုံးပျောက်ကွယ်သွားပါမည်။

3.
- LED စာလုံးနှင့်အချက်ပြမီးတို့ မှိတ်တုတ်မှိတ်တုတ်လင်းလာပါမည်။
- 1မိနစ်မျှစောင့်ပါ။

*အချက်ပြမီးမှာပြန်လည်ကောင်းမွန်စေသည့်ခလုတ်တွင်ပါရှိနေသည့်မီတာလည်းရှိပါသည်။

4.
- LED စာလုံးနှင့်အချက်ပြမီးတို့ ပျောက်သွားပါမည်။
- ပြန်လည်ကောင်းမွန်အောင်လုပ်ဆောင်ခြင်းပြီးဆုံးပါပြီ။
- ဂတ်စ်သုံးစွဲနိုင်ပါပြီ။


**ဂတ်စ်ယိုစိမ့်ခြင်းနှင့် ဂတ်စ်နံ့ရခြင်း ဖြစ်သည့်အချိန်တွင်၊ ပြန်လည်ကောင်းမွန်စေသည့် လုပ်ဆောင်ချက်ကို မလုပ်ဘဲ၊ LP ဂတ်စ်အရောင်းဆိုင် သို့မဟုတ် အရေးပေါ်အချိန်၌ ဆက်သွယ်ရမည့် လိပ်စာသို့ ဆက်သွယ်ပါ။**

*ဂတ်စ်သုံးစွဲခြင်းမပြုသည့်အချိန်တွင်ဂတ်စ်ကိုဖြတ်တောက်မပေးသည့်လုပ်ဆောင်ချက်ဖြစ်ပါသည်။

*ပြန်လည်ကောင်းမွန်စေသည့်လုပ်ဆောင်ချက်ကိုပြုလုပ်သော်လည်း "ပြန်လည်ကောင်းမွန်ခြင်း" ဖြစ်မလာသည့်အခါပြန်လည်ကောင်းမွန်စေသည့်လုပ်ဆောင်ချက်ကိုထပ်ခါထပ်ခါမပြုလုပ်ဘဲ LP ဂတ်စ်အရောင်းဆိုင်ထံမှစစ်ဆေးပေးမှုကိုခံယူပါ။

## ဂတ်စ်သုံးကိရိယာများကို ၁၀ နှစ်အသုံးပြုပြီးပါက စစ်ဆေးရန် တောင်းဆိုမှု လုပ်ဆောင်ကြရအောင်။

ကာလကြာရှည်စွာ အသုံးပြုနေသော ဂတ်စ်သုံးကိရိယာများမှာ ကိရိယာအစိတ်အပိုင်းများ ယိုယွင်းခြင်းကြောင့် မတော်တဆမှုများဖြစ်ပေါ်နိုင်ပါသည်။ ၁၀ နှစ်အသုံးပြုပြီးပါက ထုတ်လုပ်သူသို့မဟုတ် ဂတ်စ်သုံးကိရိယာအရောင်းဆိုင်တွင် စစ်ဆေးပေးရန် တောင်းဆိုပါ။




| LPဂတ်စ်အရေးပေါ်အချိန်အတွက်ဆက်သွယ်ရမည့်လိပ်စာ | LPဂတ်စ်အရောင်းဆိုင်နာမည် |
|---|---|
| ဆက်သွယ်ရန်လိပ်စာ :<br><br>ဖုန်း :<br><br>အရေးပေါ်အချိန်အတွက်ဆက်သွယ်ရမည့်လိပ်စာမှာ 24 နာရီဖြေရှင်းဆောင်ရွက်ပေးပါသည်။ | |


LP ဂတ်စ်ဘေးကင်းလုံခြုံမှုရှိစေရေးကော်မတီ Home page တွင်လည်း အသေးစိတ်သတင်းအချက်အလက်များကို ဖတ်ရှုနိုင်ပါသည်။ http://www.lpg.or.jp/

LPガス安全委員会
2024.8（ミャンマー語）

အိမ်သုံး LPဂတ်စ်ဘေးကင်းစေရေးလမ်းညွှန်


# ဘေးကင်းလုံခြုံစွာ၊ စိတ်ချရစွာသုံးစွဲနိုင်ရန်အတွက်

မီးဖိုချောင်နှင့်ညှော်ခန်းစသည်ဖြင့်မိသားစုဝင်တို့အလွယ်တကူမြင်နိုင်သောနေရာတွင်ထားပါ။



## ဂတ်စ်နံ့ရသည်ဟုခံစားရပါက ထိုအချိန်တွင်လုပ်ဆောင်ရမည်တို့မှာ!


✅ **မီးတောက်ကိုလုံးဝသုံးစွဲခြင်းမပြုပါနှင့်။**




- မီးလောင်ကျွမ်းသည့်ပင်မအရင်းအမြစ်ဖြစ်သည့်မီးညှိနှင့်၊ လေဝင်လေထွက်ပန်ကာ၊ လျှပ်စစ်စသည့်ခလုတ်တို့ကိုလက်ဖြင့်လုံးဝမထိပါနှင့်။


✅ **တံခါးနှင့်ပြတင်းများကိုကျယ်ကျယ်ဖွင့်ပြီး ဂတ်စ်များကိုအပြင်သို့ထွက်အောင်လုပ်ပါ။**

- LPဂတ်စ်သည်လေထက်လေးသည့်အတွက် အနိမ့်ပိုင်းတွင်စုပုံနေသောဂတ်စ်များကိုလည်းသတိပြုပါ။




✅ **မီးဖိုခလုတ်အားလုံး၊ ဂတ်စ်အိုးမှဘားခလုတ်များအားလုံးကိုပိတ်ပါ။**

- မီတာဂတ်စ်ဘားသို့မဟုတ်ဂတ်စ်အိုးဘားခလုတ်ကိုသေချာပေါက်ပိတ်ထားပါ။




◎ မီတာဂတ်စ်ဘားခလုတ်ရှိရမည့်နေရာအနေအထားကိုမသိပါက LPဂတ်စ်အရောင်းဆိုင်များထံကြိုတင်မေးမြန်းအတည်ပြုထားပါ။

✅ **ဂတ်စ်ယိုစိမ့်မှုအခြေအနေကိုချက်ချင်းဆက်သွယ်အကြောင်းကြားပါ။**




◎ ဘေးကင်းစိတ်ချရကြောင်းအတည်ပြုစစ်ဆေးမှုပြီးဆုံးသည်အထိဂတ်စ်မသုံးစွဲခြင်း

◎အရေးပေါ်အချိန်အတွက်ဆက်သွယ်ရန်လိပ်စာကို LPဂတ်စ်အရောင်းဆိုင်များတွင်ကြိုတင်အတည်ပြုမေးမြန်းထားပါ။


◎အရေးပေါ်အချိန်အတွက်ဆက်သွယ်ရမည့်လိပ်စာမှာ 24 နာရီဖြေရှင်းဆောင်ရွက်ပေးပါသည်။

LPဂတ်စ်ဘေးကင်းလုံခြုံမှုရှိစေရေးကော်မတီ / စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန

## CO (ကာဗွန်မိုနောက်ဆိုဒ်) အဆိပ်သင့်ကာ မတော်တဆဖြစ်မှုကို ကာကွယ်ရန်အတွက် !

### ✔ လေဝင်လေထွက်ကို အတည်ပြုစစ်ဆေးခြင်း


- ဂတ်စ်သုံးစွဲသည့်အခါတွင်လေဝင်လေထွက်ကောင်းမွန်မှုရှိ မရှိစစ်ဆေးခြင်းကိုအစဉ်အမြဲလုပ်ဆောင်ရပါမည်!






### ✔ အိမ်ပြင်မှနေ၍ဂတ်စ်အသွင်းအထုတ်ပြုလုပ်သည့်လောင်စာသုံးမီးဖိုတို့သည်

- ဂတ်စ်စွန့်ထုတ်သည့်ပြွန်နေရာလွဲနေခြင်းရှိမရှိ!
- ဂတ်စ်စွန့်ထုတ်သည့်အပေါက်ဝပိတ်ဆို့နေခြင်းရှိမရှိ!
- ဂတ်စွန့်ထုတ်သည့်ပြွန်အစွန်းဘက်မှာအိမ်ပြင်ပသို့ထွက်နေပါသလား!



မီးဖို၊ ဂတ်စ်သုံးဖန်အပူပေးစက်တို့ကိုသုံးစွဲကြသူအပေါင်းသို့
1နာရီလျှင် 1~2 ကြိမ်ပြတင်းပေါက်ဖွင့်ပြီးလေဝင်လေထွက်ကောင်းအောင်ပြုလုပ်ပေးပါ။



## ဂတ်စ်ယိုစိမ့်ကာ မတော်တဆဖြစ်မှုကို ကာကွယ်ရန်အတွက် !


### ✔ မီးတောက်မတောက်အတည်ပြုစစ်ဆေးခြင်း
### ✔ မီးတောက်ပြယ်ခြင်း
### ✔ ထပ်ခါထပ်ခါမီးမွှေးခြင်း၊ နောက်တစ်ကြိမ်မီးမွှေးခြင်း

- မီးတောက်မတောက်ကိုအတည်ပြုစစ်ဆေးခြင်းမပြုသည့်အတွက်ဖြစ်သည့်မတော်တဆမှုများဖြစ်ပွားလျက်ရှိပါသည်။ မျက်စိဖြင့်သေချာပေါက်အတည်ပြုစစ်ဆေးပါ!
- မီးတောက်စွဲစေရန်လုပ်ဆောင်ချက်ကိုထပ်ခါထပ်ခါလုပ်ဆောင်ခြင်းအားဖြင့်မီးဖို၌ကျန်ရှိနေသောဂတ်စ်များသို့မီးစွဲလောင်စေသည့်မတော်တဆမှုများဖြစ်ပွားလျက်ရှိပါသည်။ မီးတောက်စွဲစေရန်ထပ်မံလုပ်ဆောင်ချိန်တွင်သတိပြုပါ!

*ဓာတ်ခဲအားကုန်နေသည့်အခါတွင်မီးတောက်စွဲမည်မဟုတ်ပါ။


### ✔ သုံးစွဲခြင်းမရှိသည့်ဂတ်စ်ဘားများအတွက်


- ဘားခလုတ်မှာ"အပိတ်"ဘက်သို့ရောက်နေပါသလား!
- ဂတ်စ်ဘားတွင်ရာဘာအဖုံးတွဲလျက်ရှိနေပါသလား!



### ✔ ရာဘာပိုက်(ရာဘာပြွန်)သည်

- မီးကျွမ်းနေခြင်း၊ အက်ကွဲနေခြင်းရှိပါသလား!
- ဂတ်စ်ဘားရှိအနီရောင်လိုင်းအထိပိုက်ထိုးထည့်ထားပါသလား!
- ပိုက်ကလစ်ဖြင့်သေချာစွာပိတ်ထားခြင်းရှိပါသလား!







# ဘေးကင်းစေရန်စစ်ဆေးရမည့်အချက်များ

**CO (ကာဗွန်မိုနောက်ဆိုဒ်) အဆိပ်သင့်မှုနှင့်ပတ်သက်၍!**

လောင်စာသုံးမီးဖိုတို့သည် ဆက်တိုက်သုံးစွဲမှုပြုနေစဉ်အတွင်းလေထု(အောက်ဆီဂျင်) လုံလောက်စွာမရှိတော့ဘဲ ယင်းအနေအထားအတိုင်း အသုံးပြုမည်ဆိုပါက ပြည့်ဝမှုမရှိသည့် လောင်ကျွမ်းမှုမျိုးဖြစ်ပွားစေပြီးCO(ကာဗွန်မိုနောက်ဆိုဒ်)ဓာတ်များပေါ်ထွက်လာပါမည်။ CO သည် လွန်စွာအဆိပ်ပြင်းထန်ပြီးအနည်းငယ်ရှူရှိုက်မိရုံမျှဖြင့်သေစေနိုင်သောအန္တရာယ်ရှိပါသည်။ CO သတိပေးစက်တပ်ဆင်ထားရန်တိုက်တွန်းလိုပါသည်။

## အကယ်၍・・・ဖြစ်ခဲ့လျှင် ဆိုသည့်အချိန်အတွက် !



### ✔ COသတိပေးစက်သည်
### ✔ ဂတ်စ်သတိပေးစက်သည်

- ဖုန်စုတ်စက်စသည်တို့အသုံးပြုပြီးနောက်တွင်နဂိုအတိုင်းပါဝါဝင်နေခြင်းရှိမရှိ!
- ပလတ်ပေါက်မှလွတ်နေပါသလား!



ဂတ်စ် သတိပေးစက် နမူနာ


COသတိပေး စက်နမူနာ

ဂတ်စ်သတိပေးစက်နှင့် CO သတိပေးစက်တို့တပ်ဆင်ထားပါကဂတ်စ်၏ပုံမှန်မဟုတ်သည့်အခြေအနေကိုတတီတီမြည်သောအသံနှင့်အသံပေးမှုများဖြင့်အချက်ပြအသိပေးမှုလုပ်ဆောင်ပေးသည့်အတွက်စိတ်ချရပါသည်။
*သတိပေးစက်လဲလှယ်မှုပြုရမည့်သက်တမ်းမှာ 5နှစ်ဖြစ်ပါသည်။

### ✔ LP ဂတ်စ်အိုးဆိုသည်မှာ

- မီးတောက်မှ 2 မီတာနှင့်အထက်ရှိသောအကွာအဝေးတွင်ထားရှိရ!



### ✔ နှင်းဘေးမှကာကွယ်ခြင်း

- နှင်းကြောင့်ချိန်ညှိစက်နှင့်ဂတ်စ်မီတာစသည်တို့ပျက်စီးနိုင်သည့်စိုးရိမ်ဖွယ်ရာရှိပါသည်။ နှင်းအကာပြုလုပ်ခြင်းနှင့်ဂတ်စ်အိုးထည့်သည့်တဲငယ်အားစစ်ဆေးခြင်းတို့လုပ်ဆောင်ပေးပါရန်တောင်းဆိုပါသည်။
- နှင်းဖယ်ရှားရှင်းလင်းသည့်အခါတွင် LP ဂတ်စ်ပစ္စည်းများကိုထိခိုက်ခြင်းမရှိစေရန်သတိပြုပါ။



## ဤကဲ့သို့သောအချိန်တွင်ချက်ချင်းဆက်သွယ်မှုပြုပါ!

**မီးတောက်**

- မီးတောက်မငြိမ်
- မီးတောက်မှာအဝါရောင်ဖြစ်
- မီးတောက်မထွက်သည့်အပိုင်းရှိ

**လုပ်ဆောင်ချက်**

- အသုံးပြုနေစဉ်မီးငြိမ်းသွား
- ဝုန်းကနဲမီးစွဲ
- မီးစွဲပုံ့နှံ့ရန်ခက်ခဲ
- မီးတောက်ရန်ခက်ခဲ
- မီးမတောက်

**မီးဖို**

- ပုံမှန်မဟုတ်သည့်အသံများမြည်ကာလောင်ကျွမ်းခြင်း
- ဂတ်စ်နံ့ထွက်ခြင်း
- မီးဖိုသုံးစွဲနေစဉ်အတွင်းစွန့်ထုတ်သည့်ဂတ်စ်မှအနံ့ထွက်ခြင်း

စက်ပစ္စည်းထုတ်လုပ်သူသို့မဟုတ် LP ဂတ်စ်အရောင်းဆိုင်ထံချက်ချင်းလာရောက်စစ်ဆေးပေးပါရန်တောင်းဆိုပါ။